# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 28, 2024 Volume 79, Number 19

၂၈.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၂၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၅.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၁၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၀၅၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပသည့် အက်ခ်မက်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်း ပြီးစီးမှုအစီရင်ခံစာ အစည်းအဝေးသို့တက်ရောက်ခြင်း




ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် မဲခေါင်သိပ္ပံမှ ကြီးမှူးကျင်းပသည့် အက်ခ်မက်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းပြီးစီးမှု အစီရင်ခံစာတင်ပြသည့် အစည်းအဝေးသို့ အက်ခ်မက် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ "ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်း"၏ စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ (Project Implementing Agency-PIA) အဖွဲ့ခေါင်းဆောင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းနှင့် PIA အဖွဲ့ဝင် ၂ ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မဲခေါင်သိပ္ပံမှ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးဌာန၊ ညွှန်ကြားရေးမှူးဖြစ်သူ Mr. Madhurjya Kumar Dutta ၊ ထိုင်းနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ ကောင်စစ်ဝန် Mr. Lee Sang Hoon နှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာစီးပွားရေးရာဌာနမှ ပထမအတွင်းဝန် Ms. Thitapa Patanan တို့ကအသီးသီး အမှာစကားပြောကြားခဲ့ကြသည်။ ထို့နောက် မဲခေါင်သိပ္ပံမှ Mr.Madhurjya Kumar Dutta က အက်ခ်မက်-ကိုရီးယားပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေဖြင့် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများအပေါ် စောင့်ကြည့်လေ့လာမှုရလဒ်များအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး အက်ခ်မက်အဖွဲ့ဝင် ၄ နိုင်ငံ (ကမ္ဘောဒီးယား၊ ထိုင်း၊ လာအိုနှင့် မြန်မာနိုင်ငံ) တို့က မိမိတို့နိုင်ငံများအလိုက် စီမံကိန်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ပြီးစီးမှု အစီရင်ခံစာများကို တင်ပြရှင်းလင်းဆွေးနွေးခဲ့ကြသည်။ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာထိန်လင်းက "ဧရာဝတီတိုင်းဒေသကြီးတွင် အလား

အလာရှိသောထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်း” အကောင်အထည်ဖော်ပြီးစီးမှုအစီရင်ခံစာနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ အစည်းအဝေးတွင် အက်ခ်မက်အဖွဲ့ဝင်နိုင်ငံများက ကျန်ရှိသည့် စီမံကိန်းရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်း အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေးတွင် အက်ခ်မက်နိုင်ငံများအလိုက် ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းစဉ်အကျဉ်းချုပ် ပိုစတာများ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံခဲ့ရသည့်အခြေအနေများနှင့် စီမံကိန်းရလဒ်အကျဉ်းချုပ်များကို စုစည်းဖော်ပြထားသည့် စာအုပ်များကိုလည်း ခင်းကျင်းပြသခဲ့ကြကြောင်းသိရသည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

**Source:** https://myantrade.gov.mm/

## မန္တလေးဈေးကွက်အတွင်း နိုင်လွန်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

မန္တလေးဈေးကွက်အတွင်း နိုင်လွန်ပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ နိုင်လွန်ပဲများကို ရန်ကုန်၊ လားရှိုးအပါအဝင် မန္တလေးမြို့မှကုန်သည်များအနေဖြင့် ဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ နိုင်လွန်ပဲမှာ ယခင်ကအရောင်းအဝယ်အေးခဲ့သော်လည်း ယခုလက်ရှိတွင် နိုင်လွန်ပဲများ အရောင်းအဝယ်ကောင်းမွန်လာကြောင်းသိရသည်။

“အခုလတ်တလော ပြည်တွင်းရော ပြည်ပကပါ နိုင်လွန်ပဲတွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီး ကောင်းမွန်လာပါတယ်၊ ပြည်ပနိုင်ငံက ဒီထက်ပိုပြီးဝယ်ယူမှုများလာရင်တော့ မန္တလေးဈေးကွက်မှာ အခုထက်ပိုပြီး နိုင်လွန်ပဲ အရောင်းအဝယ်ကောင်းလာမှာပါ” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နိုင်လွန်ပဲကို ကုန်သည်များကဝယ်ယူမှု ပြန်လည်များပြားလာသည့်အပြင် အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာခြင်းကြောင့် ယနေ့တွင် နိုင်လွန်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

“အခုလတ်တလော ပြည်တွင်းဈေးကွက်မှာ နိုင်လွန်ပဲအရောင်းအဝယ်ဖြစ်နေတယ်။ ပြည်ပကို တင်ပို့မှုနဲ့စာရင် ပြည်တွင်းဈေးကွက်ကိုပဲ အားထားပြီး လက်လီလက်ကားရောင်းနေရတယ်”ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## လပွတ္တာမြို့နယ်၌ ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းသွက်နေ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အရောင်းသွက်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ငွေငွေ၏ ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ငါးကွမ်းရှပ်အချိုခြောက်နှင့် အငန်ခြောက်ဟူ၍ နှစ်မျိုးထွက်ရှိကာ ဖွန်လပထမပတ်မှစတင်ပြီး အရောင်းသွက်လာခြင်းဖြစ်သည်။

ငါးကွမ်းရှပ်ခြောက်တွေ ဖွန်လပထမပတ်လောက်ကတည်းက အရောင်းသွက်နေတာဖြစ်ပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဝယ်လိုအားကောင်းလာတော့ ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူတွေနဲ့ ငါးခြောက်လုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေနေပါတယ်။ လက်ရှိမှာ အခြားငါးခြောက်တွေထက် ငါးကွမ်းရှပ်ခြောက်က ပိုပြီးအဝယ်လိုက်နေပါတယ်ဟု ဒေါ်ငွေငွေကပြော

သည်။ လပွတ္တာမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက် အပါအဝင် ငါးပိနှင့်ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/

## မတ်ပဲဈေး ပြန်တက်လာ

ဇွန်လ ဒုတိယပတ်အထိ မတ်ပဲဈေးနှုန်းများ တရိပ်ရိပ်တက်လာနေရာမှ တတိယပတ်အတွင်း ၁ တင်းလျှင် ကျပ် ၁ သိန်း ၁ သောင်းအောက်သို့ကျဆင်းကာ နေ့စဉ်ဈေးနှုန်းအကျဖြင့် ဆက်လက်ရပ်တည်နေခဲ့ပြီး ယခု ဇွန်လကုန်ရက်ပိုင်းအတွင်း ဈေးအနည်းငယ်ပြန်တက်လာနေကြောင်း တွေ့ရသည်။

တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးနှုန်းများမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇွန်လ ၂၁ ရက်တွင် ၁ တင်းလျှင် ကျပ် ၁၁၀,၇၀၀၊ ၂၄ ရက်တွင် ကျပ် ၁၀၉,၀၀၀၊ ၂၅ ရက်တွင် ကျပ် ၁၀၇,၀၀၀၊ ၂၆ ရက်တွင် ကျပ် ၁၀၈,၅၀၀၊ ၂၇ ရက်တွင် ကျပ် ၁၀၉,၂၀၀ အသီးသီးဖြစ်ခဲ့သည်။

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် အစိုးရက ပဲမျိုးစုံသိုလှောင်မှု ကန့်သတ်ချက်များကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ သတ်မှတ်ထားရှိလိုက်သဖြင့် မတ်ပဲနှင့်ပဲစင်းငုံတို့၏ အိန္ဒိယပြည်တွင်းဈေးနှုန်းများ ကျဆင်းလာပြီးနောက် မြန်မာမတ်ပဲဈေးကွက်တွင်လည်း ဈေးကျဆင်းလာကြောင်း တွေ့ရသည်။

ယခုအခါ ပဲဈေးအကျတွင် အဝယ်လိုက်လာခြင်း၊ ပဲလက်ဝယ်ရှိသူများက ဈေးအကျတွင် အရောင်းပမာဏကိုထိန်းသိမ်း၍ ရောင်းဝယ်နေခြင်းတို့ကြောင့် မတ်ပဲဈေးပြန်တက်လာနေပြီး ယခုနှုန်းအတိုင်း ဈေးဆက်တက်လာပါက ယခင်ရရှိခဲ့သော ဈေးနှုန်းအခြေအနေကို ပြန်လည်ရောက်ရှိလာနိုင်ကြောင်း ပဲရောင်းဝယ်ရေး ကုန်သည်၊ လုပ်ငန်းရှင်များထံမှ သိရသည်။

**Source: ရောကုန်သွယ်မြင့်**

## ရှေ့ဘိုခရိုင်အတွင်း ဇွန်လ တတိယပတ်တွင် ဖြစ်ပေါ်ခဲ့သော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ



ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဇွန်လ တတိယပတ်တွင် စပါး/ဆန် ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့သည်။ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး များသို့ ဆန်စီးထွက်မှုမှာ ဇွန်လဒုတိယပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၃၂,၀၀၀၊ မန္တလေးသို့ အိတ်ရေ ၃၅,၅၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၂၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀၀၀၊ စုစုပေါင်း အိတ်ရေ ၇၇,၅၀၀၊ တန်အားဖြင့် ၃၈၇၅ တန် စီးထွက်ခဲ့သည်။

ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၃၀,၅၀၀၊ မန္တလေးသို့ အိတ်ရေ ၃၄,၅၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၃၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၃၀၀၀၊ စုစုပေါင်းအိတ်ရေ ၇၇,၀၀၀၊ တန်အားဖြင့် ၃၈၅၀ တန် စီးထွက်ခဲ့သည့်အတွက် ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ယခုအပတ်အတွင်း အိတ်ရေ ၅၀၀၊ တန်အားဖြင့် ၂၅တန် လျော့၍ စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ ဇွန်လ တတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၄,၄၀၀,၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ်၁၄၅,၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅,၀၀၀ နှင့် ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၀၂,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source:** https://www.doca.gov.mm

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၁၁၀,၀၀၀ ထိ တင်ပို့နိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်း ကွမ်းသီးအနုပိဿာချိန် ၁၁၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍



သိရသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ကွမ်းသီးအနုပိဿာချိန် ၇၈,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ကွမ်းသီးအနုပိဿာချိန် ၁၁၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်ပဈေးကွက်က ကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ ကွမ်းသီးအနု တင်ပို့ရောင်းချတဲ့လုပ်ငန်း အတော်လေးသွက်လာပါတယ်။ လက်ရှိ မော်လမြိုင်ကျွန်း မြို့နယ်ကနေ တင်ပို့ရောင်းချနေတဲ့ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၉၅,၀၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန် ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ ကွမ်းသီးအနုရဲ့ ပြည်ပအဓိကဈေးကွက်က တရုတ်နိုင်ငံပါ။ လက်ရှိ ကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက် ဝယ်ယူပြီး စနစ်တကျရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## စလင်းမြို့နယ်အတွင်း နှမ်းနှမ်းများ စတင်ထွက်ပေါ်၍ ဈေးကောင်းရရှိ



မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ မိုးဝန်းကျေးရွာရှိ တောင်သူများသည် မိုးစပါး၊ ကုလားပဲနှင့်နှမ်းနှမ်း စသည့်သီးနှံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် နှမ်းနှမ်းများကို မတ်လအလယ်တွင် စတင်စိုက်ပျိုးခဲ့ပြီး ဇွန်လတွင် ရိတ်သိမ်းကြောင်း၊ မျိုးအနေဖြင့် ဂျပန်နှမ်းဖြူမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုး ထုတ်လုပ်မှုအတွက် မျိုး၊ ထွန်ယက်ခ၊ သွင်းအားစု၊ ရိတ်သိမ်းစရိတ်နှင့် လုပ်အားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၈ သိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်း အနေဖြင့် တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း ၈-၁၀ တင်းခန့် ထွက်ရှိကြောင်း၊ နှမ်းနှမ်းစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုနည်းပါး၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးရသည့်အတွက် ယခုနှစ် နှမ်းအထွက်နှုန်းမှာ အသင့်အတင့်သာထွက်ရှိပြီး မြေအနေအထား၊ သွင်းအားစုသုံးစွဲမှု၊ အောင်မြင်ဖြစ်ထွန်းမှုများအပေါ် မူတည်၍ အထွက်နှုန်းကွဲပြားမှုရှိကြောင်း သိရသည်။

တောင်သူများသည် ထွက်ရှိသည့်နှမ်းများကို မျိုးနှင့် ဆီကြိတ်ခွဲစားသုံးရန်ချန်၍ ကျန်ရှိသည့် နှမ်းများကို စလင်းမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် နှမ်းနှမ်းအထွက်နှုန်း နည်းပါးသော်လည်း နှမ်းဈေးနှုန်း ကောင်းမွန်မှုကြောင့် မိုးဝန်းကျေးရွာရှိ နှမ်းနှမ်းစိုက်တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရှိရသည်။

**Source:** https://commerce.gov.mm

## စံချိန်တင်ပမာဏရှိသည့် နေကြာဆီများကိုဝယ်ယူခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ဇွန်လအတွက် စံချိန်တင် ၅၀၀,၀၀၀ မက်ထရစ်တန်ရှိသည့် နေကြာဆီများကို ဝယ်ယူခဲ့ပြီး အဓိကထောက်ပံ့သည့် ရုရှားနိုင်ငံနှင့်ယူကရိန်းနိုင်ငံတို့ကြား ယှဉ်ပြိုင်မှုကလည်း နေကြာဆီကို ပဲပိစပ်ဆီနှင့်စားအုန်းဆီတို့ထက် ဈေးသက်သာစေကြောင်း အကောက်ခွန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ အမည်မဖော်လိုသော ထိပ်တန်း ဝယ်ယူသူတစ်ဦးက နေကြာဆီကို ပဲပိစပ်ဆီနှင့်စားအုန်းဆီတို့ထက် ဈေးနှုန်းလျှော့ချကာ ကုန်သွယ်လျက်ရှိနေသည့်အတွက် အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ်များမှ ဝယ်လိုအားအလွန်မြင့်မားနေသည့် ဝယ်ယူသူများကို ဆွဲဆောင်လျက်ရှိနေကြောင်း ကြေညာခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က နေကြာဆီစိမ်း ၁ မက်ထရစ်တန်ကို ကုန်ကျစရိတ်များ အားလုံးအပါအဝင် အမေရိကန်ဒေါ်လာ ၈၄၀ ဖြင့်ရရှိခဲ့ပြီး ပဲပိစပ်ဆီနှင့် စားအုန်းဆီတို့မှာ ၁ တန်ကို အမေရိကန်ဒေါ်လာ ၁၀၁၅ နှင့် ၈၅၀ အသီးသီး ရှိခဲ့ကြောင်း ကုန်သည်များ၏ ပြောကြားချက်အရသိရသည်။

နေကြာဆီသည် ပုံမှန်အားဖြင့် ပဲပိစပ်ဆီနှင့် စားအုန်းဆီတို့ထက် ၁ တန်ကို အမေရိကန်ဒေါ်လာ ၁၀၀ ဈေးပိုကြောင်း သိရသည်။ Hyderabad တွင် အခြေစိုက်သည့် အခြားဝယ်ယူသူတစ်ဦးက နေကြာဆီအဓိကထုတ်လုပ်သည့် ရုရှား၊ ယူကရိန်းနှင့် အာဂျင်တီးနားတို့သည် အပြင်းအထန်ယှဉ်ပြိုင်နေလျက်ရှိကြပြီး နေကြာဆီကို အခြားဆီများထက် ဈေးလျှော့ရောင်းချပေးရန် ကမ်းလှမ်းလျက်ရှိကြောင်းနှင့် ၎င်းသည်လည်း နေကြာဆီဝယ်ယူရန်အတွက် စားအုန်းဆီနှင့် ပဲပိစပ်ဝယ်ယူမှုကို လျှော့ချနေကြောင်း ပြောကြားခဲ့သည်။

ရုရှားနှင့်ယူကရန်းနိုင်ငံတို့သည် ကမ္ဘာလုံးဆိုင်ရာ နေကြာဆီတင်ပို့မှု၏ ၇၀ ရာခိုင်နှုန်းခန့် နေရာယူထားကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် လွန်ခဲ့သည်နှစ်တွင် လစဉ်ပျမ်းမျှ နေကြာဆီ ၂၅၀,၀၀၀ တန်ဝယ်ယူခဲ့ပြီး အဓိကအားဖြင့် ရုရှားနှင့်ယူကရိန်းတို့ရှိသည့် ပင်လယ်နက်ဒေသက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် စားအုန်းဆီကို အဓိကအားဖြင့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ တင်သွင်းပြီး ပဲပိစပ်ဆီများကို အာဂျင်တီးနား၊ ဘရာဇီးနှင့် အမေရိကန်တို့မှ တင်သွင်းကြောင်းသိရသည်။

**Source: Bangkok post**

https://www.doca.gov.mm

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ အထိတင်ပို့ ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း ပန်းကဏန်းပိဿာချိန် ၇၅၀၀၀ အထိတင်ပို့ရောင်းချရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ပင်လယ်ပန်းကဏန်း ပိဿာချိန် ၄၇,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလက ပန်းကဏန်းပိဿာချိန် ၇၅,၀၀၀ အထိ တင်ပို့ရောင်းချရကြောင်း၊ အဆိုပါ ပင်လယ်ပန်းကဏန်းများအား ရန်ကုန်မြို့သို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။ “ပန်းကဏန်းတွေက ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းတွေကနေ ရရှိတာဖြစ်ပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ပင်လယ်ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို လက်ရှိမှာ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလထဲမှာ ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅,၀၀၀ အထိ တင်ပို့ရောင်းချရပါတယ်။ လပွတ္တာမြို့နယ်ဘက်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာကလည်း ပြည်တွင်း၊ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင် လည်ပတ်လာပါတယ်” ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုကပြောသည်။

လပွတ္တာမြို့နယ်မှ ပင်လယ်ပန်းကဏန်းများအား ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ပင်လယ်ပန်းကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များနှင့် ကုန်တင်ကား အငှားလိုက်သည့်လုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** http://myawady.net.mm/

## ထိုင်းနိုင်ငံအတွင်းသို့ တန်ဖိုးနည်းတင်သွင်းကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် နိုင်ငံအတွင်းမှစက်ရုံများ ပိတ်သိမ်းမှုကြုံတွေ့နေရ

အမှာအော်ဒါများကျဆင်းမှုနှင့် တန်ဖိုးနည်းတင်သွင်းကုန်ပစ္စည်းများကြောင့် ယခုနှစ်အတွင်း ထိုင်းပြည်တွင်း အီလက်ထရောနစ်၊ သံမဏိနှင့်ပလတ်စတစ်စက်ရုံများ ပိတ်သိမ်းမှုကြုံတွေ့နေရကြောင်း စက်မှုဝန်ကြီးဌာနက ပြောကြားချက်အရ သိရသည်။

ပိတ်သိမ်းမှုများသည် စက်ရုံ၏ရင်းနှီးမြှုပ်နှံတန်ဖိုးအလိုက် စီထားခြင်းဖြစ်ကြောင်း၊ ပိတ်သိမ်းသွားသော အီလက်ထရောနစ်အစိတ်အပိုင်းများနှင့် ပရင့်ဆားကစ်ပြားစက်ရုံများသည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမြင့်ဆုံး ဘတ် ၂ ဒသမ ၂၉ ဘီလီယံရှိပါကြောင်း၊ သံနှင့်သံမဏိစက်ရုံများသည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၁ ဒသမ ၄၅ ဘီလီယံဖြင့် ဒုတိယဖြစ်ပြီး ပလတ်စတစ်စက်ရုံများသည် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၉၃၀ သန်းဖြင့် တတိယဖြစ်ပါကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ မေလအထိ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၁၄ ဘီလီယံရှိသည့် စက်ရုံပေါင်း ၄၈၈ ရုံသည် ၎င်းတို့၏ လုပ်ငန်းများကို စွန့်ခွာခဲ့ကြပြီး လုပ်သား ၁၂,၅၅၁ ဦးကို အလုပ်မှအနားပေးခဲ့ပါကြောင်း၊ ယင်းသို့ဖြစ်ပွားရခြင်းမှာ နိုင်ငံခြားတိုင်းပြည်များမှ တင်ပို့ကုန်စည်များကို ပြည်တွင်းလုပ်ငန်းများမှ ယှဉ်ပြိုင်နိုင်မှုမရှိသောကြောင့်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်သူများသည် ဈေးနှိမ့်ရောင်းချသည့် ပြိုင်ဘက်များကို မယှဉ်ပြိုင်နိုင်ပါကြောင်း၊ အချို့မှာ ၎င်းတို့၏ ထုတ်လုပ်မှုအခြေစိုက်များကို လွတ်လပ်သော ကုန်သွယ်ရေး စာချုပ်များမှာ ခံစားခွင့်ကိုရယူ၍ အိမ်နီးချင်းနိုင်ငံများသို့ နေရာရွှေ့ပြောင်းရန် ဆုံးဖြတ်ကြပါကြောင်း စက်မှုဝန်ကြီး Ms. Pimphattra Wichaikul က ပြောကြားခဲ့သည်။

တရုတ်မှ ကုန်စည်များ အလုံးအရင်းဝင်ရောက်လာမှုကြောင့် ယခုနှစ်အတွင်း ပြည်တွင်းသံမဏိ ထုတ်လုပ်သူများသည် ၎င်းတို့၏ လုပ်ငန်းများကို ပိတ်သိမ်းကြခြင်းဖြစ်ကြောင်း၊ တရုတ်သွင်းကုန်များကြောင့် ထိုင်းသံမဏိစက်ရုံများ၏ ထုတ်လုပ်မှုစွမ်းရည်များကို နှောင့်နှေးစေပြီး ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ၂၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပါကြောင်း EAF Long Product Steel Producers Association က ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ထုတ်လုပ်မှုညွှန်းကိန်းကို ယခင်က ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း တိုးတက်မှုရှိနိုင်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း ယခုအခါ ၁ ရာခိုင်နှုန်းသို့ လျော့နည်းခန့်မှန်းခဲ့ပါကြောင်း၊ အစားအစာ၊ တိရစ္ဆာန်အစာနှင့် ဓာတ်မြေဩဇာကဏ္ဍအချို့တွင် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ ချမှတ်ထားပါကြောင်း စက်မှုဝန်ကြီးဌာန၏ ထုတ်ပြန်ထားချက်အရ သိရသည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## ဂျုံလုံလောက်မှုရှိပြီး သွင်းကုန်အခွန်နှုန်းထား ပြောင်းလဲရန်မရှိဟု အိန္ဒိယအစိုးရပြောဆို

အိန္ဒိယနိုင်ငံတွင် ပြည်တွင်းစားသုံးရန် လိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် လိုအပ်ပါက ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရေး ဈေးကွက်အတွင်း ဝင်ရောက်စွက်ဖက်ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် ဂျုံပမာဏ လုံလောက်မှုရှိပြီး လက်ရှိ စည်းကြပ်လျက်ရှိသော ဂျုံတင်သွင်းမှု သွင်းကုန်အခွန်နှုန်းထားကို ပြောင်းလဲမည့် အစီအစဉ်မရှိကြောင်း အစိုးရက ၁၃-၆-၂၀၂၄ နေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ဖြူးရေးဝန်ကြီးဌာနလက်အောက်ရှိ စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ဖြူးရေးဦးစီးဌာနသည် ဂျုံဈေးနှုန်းကို အနီးကပ်စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်းနှင့် မရိုးဖြောင့်သော ဂျုံသိုလှောင်ဈေးကစားမှုများမရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးတို့အတွက် အစိုးရကအာမခံထားသည့်အတိုင်း သင့်လျော်သော ဝင်ရောက်အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

၂၀၂၄ ဆောင်းသီးနှံဈေးကွက်ရာသီအတွင်း ဂျုံတန်ချိန် ၁၁၂ သန်း ထုတ်လုပ်နိုင်ခဲ့သည်ဟု စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ဖြူးရေးဦးစီးဌာနက အစီရင်ခံတင်ပြထားသည်။ နိုင်ငံပိုင် စားနပ်ရိက္ခာကော်ပိုရေးရှင်း (FCI) သည် ဇွန်လ ၁၁ ရက်အထိ

ဂျုံတန်ချိန် ၂၆ ဒသမ ၆ သန်းကို ဝယ်ယူထားပြီးဖြစ်သည်။ ၎င်းအရန်ရိက္ခာပမာဏသည် ပြည်သူသို့ ရောင်းချဖြန့်ဖြူးသည့် စနစ်နှင့် အခြား သက်သာချောင်ချိရေး အစီအစဉ်များအတွက် လိုအပ်ချက်ကိုပြည့်မီသည့်အပြင် လိုအပ်ပါက အစိုးရက ဈေးကွက် အတွင်း ဝင်ရောက်စွက်ဖက်မှုများကို ပြုလုပ်နိုင်ရေးအတွက် ဂျုံတန်ချိန် ၁၈ ဒသမ ၄ သန်းခန့်အား သုံးစွဲနိုင်မှုရှိကြောင်း အဆိုပါဌာနက ဖော်ပြသည်။

၂၀၂၄ ခုနှစ်အတွင်း သုံးလပတ်အလိုက် အရန်ရိက္ခာ ဂျုံသိုလှောင်မှုပမာဏမှာ ကွဲပြားလျက်ရှိပြီး ၁-၁-၂၀၂၄ ရက်တွင် စံသတ်မှတ်ထားသော ပမာဏဖြစ်သည့် တန်ချိန် ၁၃ ဒသမ ၈ သန်းကို ကျော်လွန်၍ တန်ချိန် ၁၆ ဒသမ ၃၅ သန်းအထိ အရန်ထားရှိခဲ့ကြောင်း သိရသည်။

**Source: Business Standard, 13 June, 2024**

https://www.doca.gov.mm

## STOCK EXCHANGE (28.6.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 28th Jun. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.75 | -1.11 | -0.27% | 411.30 | 411.75 | 407.31 | 10,826 | 36,825,500 | 8 | 776,630 |

**Index chart**




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Jun. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,826 (Shares) | 36,825,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,000 | 9,100 | 8,900 | 489 | 4,397,500 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,350 | 3,350 | 3,300 | 2,781 | 9,313,850 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +100 | +1.20% | 8,400 | 8,400 | 8,400 | 1 | 8,400 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 88 | 154,000 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 1,795 | 3,418,750 | 19,977,223 | 38,956 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 213 | 1,022,400 | 10,497,598 | 50,389 |
| MAEX | 00008 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 5,459 | 18,510,600 | 23,804,946 | 79,747 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 28th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 10,826 (Shares) | 36,825,500 (MMK) |

## Main Board

As of 1:00 pm, 28th Jun. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,826 (Shares) | 36,825,500 (MMK) |

| MYANPIX | 411.75 ▼ 1.11 |
|---|---|
| Total Volume (shares) | 10,826 |
| Total Value (MMK) | 37 mil |
| Listed Company | 8 |
| Market Cap. (MMK) | 776,630 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 100 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 3,350 | ▼ 50 |

TIR